
mgyoe.com SAMPLE BOOK



# သိန်းစွန်ငှက်အပြန်လမ်း

ပိုင်စိုးဝေ

mgyoe.com

mgyoe.com SAMPLE BOOK

အမေ့ ခြေအစုံကို ပွေ့ဖက်
အသံမထွက်ဘဲ ကျွန်တော် ငိုတယ်။

ကြေးစည်ကို သူတို့ ရိုက်နက်ကြပေါ့
လှည်းဘီးကို သူတို့ တွန်းကြပေါ့။

ဟို ... အနောက်တောင် တောတန်းက
ထန်းပင်တွေရဲ့ထိပ်ဖျားမှာ
နေလုံးဟာ တဖြည်းဖြည်း ညိုခဲ့ပေါ့
သိမ်းစွန်ငှက် အပြန်လမ်းမှာ . . .

9 248050 633002

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၈၇၊ ဧပြီ၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်း။ ၁၉၉၅၊ ဒီဇင်ဘာ၊ ဥတ္တရလွင်ပြင်စာအုပ်တိုက်။ ၂၀၀၅၊ လင်းသစ်ရောင်စဉ်စာအုပ်တိုက်၊ အစိမ်းရောင်မြစ်သို့တမ်းချင်း ကဗျာရှည်စုစည်းမှု။ ကဗျာပေါင်းချုပ်စာအုပ်မူများနှင့်တိုက်ဆိုင်ညှိနှိုင်းပြီး ကဗျာတစ်ပုဒ်တည်း သီးသန့်ထုတ်ဝေမှု ဒုတိယအကြိမ်အဖြစ် ထုတ်ဝေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၆၀၆

# သိန်းစွန်ငှက် အပြန်လမ်း

ပိုင်စိုးဝေ

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

သိန်းဇွန်ငှက် အပြန်လမ်း

ပိုင်စိုးဝေ

ဒုတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၂၅။

ပထမအကြိမ်၊ ၁၉၉၀၊ ဒီဇင်ဘာ၊ ဥတ္တရလွင်ပြင်စာအုပ်တိုက်

အုပ်ရေ – ၅၀၀

တန်ဖိုး – ၅၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးနှင့် အတွင်းပန်းချီ** – ပန်းချီဇာနည်၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com


mgyoe.com SAMPLE BOOK

၂၁၊ ၃၊ ၈၆ ...
နောက်ဆုံး အခေါက်ပါပဲ
ကျွန်တော် ရွာကို ပြန်လာခဲ့ပါတယ်
အမေ။

ရွာဆိုတာ ...
တမာ ထနောင်း
ရှားစောင်း ပြာသာဒ်
သန်းဒဟတ်ပင်တွေနဲ့
မိုးနံ့ချုံပုတ်၊ ရှားပင်ငုတ်တို
နီညိုညို ကျောက်ခဲလုံးတွေနဲ့
ထန်းပင်မြင့်မြင့်ကြီးတွေ ကြားက
တဲကလေးတစ်လုံးပါ။

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com SAMPLE BOOK

အဲဒီ တဲကလေးထဲ
အမေ လဲလျောင်းနေပေါ့။
အမေ ...
ကျွန်တော် ရောက်လာပြီ အမေ။
အမေ ...
ကျွန်တော့်ကို ထပြီး နှုတ်ဆက်ပါဦး အမေ။
အမေ့ ခြေအစုံကို ပွေ့ဖက်
အသံမထွက်ဘဲ ကျွန်တော် ငိုတယ်။

ထန်းပင် မြင့်မြင့်ကြီးတွေပေါ်က
ရွက်ယောင်းခြောက်တွေ
တရှဲရှဲ မြည်လို့ ...။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com
SAMPLE BOOK

ကျွန်တော့်ကို စကားမပြောချင်လို့
အမေ့သွားတွေ တင်းတင်း စေ့ထားသလား၊
ကျွန်တော့်ကို မမြင်ချင်လို့
အမေ့မျက်လုံးတွေ မှိတ်ထားသလား၊
ထကြည့်ပါဦး
စကားပြောပါဦး အမေရယ်။

ဟော ... အမေ ...
အမေ့ကို သူတို့
ဟိုးမှာ မန်ကျည်းပင်တွေ စိမ်းညို့ညို့နဲ့
ဇရပ်အိုအို
ကျောက်တုံးနီညိုညိုတွေ စီထားတဲ့
သင်္ချိုင်းဆိုတဲ့ နေရာကို
ပို့ကြတော့မလို့တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com
SAMPLE BOOK

လှည်းဘီးကို ပြင်ဆင်ပြီးကြပေါ့
အမေ့အလောင်းကို
ခေါင်းထဲ ထည့်ကြပေါ့
ကြေးစည်ကို
ရိုက်နှက်ကြပေါ့။

ကျွန်တော်
မငိုတော့ပါဘူး အမေ
ငိုလို့ မရတော့ဘူး အမေ
အမေ့မြေး ကလေးလေးတွေ
ကျွန်တော့် တူနဲ့ တူမလေးတွေ
သူတို့ ငိုပါစေ။

mgyoe.com

mgyoe.com SAMPLE BOOK

အမေ့သား သူတို့ရဲ့အဖေ
ကျွန်တော့် အစ်ကိုကြီး
အမေ့သမီး သူတို့ရဲ့အမေ
ကျွန်တော့် အစ်မ
သူတို့မောင်နှမ
အမေ့အရင် စောစောစီးစီး
ဟောသည် လောကကြီးထဲက
ထွက်ခွာသွားကြတော့
မိတဆိုး ဖတဆိုး
ဟောသည် ကလေးလေးတွေ
အမေ့အတွက် သူတို့ ငိုပါစေ။

mgyoe.com

mgyoe.com
SAMPLE BOOK

အမေ့အတွက်
သူတို့ရဲ့ မျက်ရည်တွေဟာ
ထိုက်တန်ပါတယ် အမေ။

ကျွန်တော်ကတော့
နွေဦးရက်တွေအကြောင်း
သီချင်းမဆိုနိုင်တဲ့
ဉသြငှက်တစ်ကောင်ရဲ့ ကြေကွဲမှုလို
ယာခင်းထဲက အမေ့ဘဝကို
အဝေးကပဲ
တမ်းတ ပူဆွေးခဲ့သူပါ အမေ။

mgyoe.com

mgyoe.com SAMPLE BOOK

"အမေ ... နေကောင်းပါစေ ...
အမေ့အား ထာဝရ လုပ်ကျွေးပြုစုနိုင်သည့်ကိုယ်
ဖြစ်ရပါလို၏"

ညအိပ်ရာဝင်၊ ရင်ထဲလှုပ်ခတ်
ပဲ့တင်ထပ်ခဲ့တဲ့
ခွန်အားမဲ့ ဆုတောင်းသံများကြား
ရှည်လျားလွန်းတဲ့ ညတွေသာ
ခန္ဓာကိုယ်ပေါ်
တိတ်ဆိတ်စွာ ကြေပြုန်းခဲ့ရ။

mgyoe.com

mgyoe.com
SAMPLE BOOK

မနေ့ကတော့
'အမေ ဆုံးပြီ၊ အမြန်လာ ...' တဲ့
ကုသိုလ်ကြမ္မာ၊ နံ့ချာလို့လား
ဆုတောင်းများ
မပြည့်ဝခဲ့ဘူး အမေ။
အမေက မွေးပေမဲ့
အမေကို မလုပ်ကျွေးနိုင်ခဲ့တဲ့
ဟောသည် ခန္ဓာကိုယ်ကြီးဟာ
ဘာအသုံးကျတော့မှာလဲ။

အဲသည်လို နောင်တ တရားတွေက
နှလုံးသားကို ကုတ်ခြစ်
ဘဝ ဆိုတာကိုလည်း
မကျေမနပ်ဖြစ်မိပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK



mgyoe.com SAMPLE BOOK

ကျွန်တော်
မငိုရဲတော့ပါဘူး အမေ
ငိုဖို့ရာ ရှက်လှပါတယ် အမေ
အမေနဲ့အတူ
အမေ့ကို ခြေဆုပ်လက်နယ်ပြုခဲ့တဲ့
ဟောသည် ကလေးလေးတွေ
သူတို့ ငိုပါစေ
ကြေးစည်ကို သူတို့ ရိုက်နှက်ကြပေါ့
လှည်းဘီးကို သူတို့ တွန်းကြပေါ့။

ဟော ...
နီညိုညို ကျောက်တုံးတွေကြားက
ရထားတစ်စင်းဟာ
အဝေးကို ထွက်သွားပြီ။

mgyoe.com